# မော်တော်ယာဉ် Online Booking System ကျင့်သုံးခြင်းအား ယာဉ်ပိုင်ရှင်များသို့ အသိပေးခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်သက်တမ်းတိုးသည့် စီးရေများပြားလာသဖြင့်အချိန်ကြာမြင့်ခြင်း၊ ယာဉ်များတန်းစီရပ်နားထားသဖြင့် လမ်းများပေါ်တွင် ယာဉ်ကြောကြပ်တည်းခြင်း အခက်အခဲများကိုကြုံတွေ့ခဲ့ရပါသည်။ အဆိုပါအခက်အခဲများ လျော့နည်းစေရန်အတွက် ယာဉ်နှစ်လဲမှတ်ပုံတင် ယာဉ်စစ်ဆေးရက်ချိန်းအား ကြိုတင်စာရင်းသွင်း မှတ်သားသည့်စနစ် (Online Booking System) ကို (၂၇.၁၂.၂၀၁၇) ရက်၊ ဗုဒ္ဓဟူးနေ့မှစတင်၍ ကျင့်သုံးသွားပါမည်။

၂။ ရက်ချိန်းရယူလိုသည့် ယာဉ်ပိုင်ရှင်များသည် (၂.၁.၂၀၁၈) ရက်၊ အင်္ဂါနေ့မှစတင်၍ ယာဉ်စစ်ဆေးရမည့်ရက်ကို Online Booking စနစ်ဖြင့် စတင်ဆောင်ရွက်သွားနိုင်ပါသည်။

၃။ Online Booking System အား နှစ်လဲမော်တော်ကားများသာ စတင်ဆောင်ရွက်ပါမည်။ နယ်ဝင်ယာဉ်များ၊ ပြောင်းလဲခြင်းစစ်ဆေးခံမည့်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသည် Online Booking ရယူရန်မလိုဘဲ ယခင်အတိုင်းဆောင်ရွက်နိုင်ပါသည်။။

၄။ ယာဉ်၏သက်တမ်းကုန်ဆုံးရက်မတိုင်မီ (၃)လကြိုတင်၍လည်းကောင်း၊ သက်တမ်းကုန်ဆုံးပြီး (၅)နှစ်သက်တမ်းကျော်လွန်ခြင်းမရှိသည့် ယာဉ်များလည်းကောင်း ရက်ချိန်းရယူနိုင်ပါမည်။

**ဥပမာ** - ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရက်ချိန်း ယူမည်ဆိုလျှင် -

- **သက်တမ်းကုန်ဆုံးရက်မတိုင်မီ (၃)လကြိုတင်ယာဉ်များ ရက်ချိန်းရယူခြင်း** -

  ၂၀၁၈ ခုနှစ်၊ ဧပြီလ(၃၀)ရက်အထိ သက်တမ်းကုန်ဆုံးမည့်ယာဉ်များ ကြိုတင်ရယူနိုင်ပါသည်။

- **သက်တမ်း(၅)နှစ်ကျော်လွန်ခြင်းမရှိသည့် ယာဉ်များ ရက်ချိန်းရယူခြင်း** -

  ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်အထိသာ သက်တမ်းရှိနေသည့်ယာဉ်များ ရက်ချိန်းရယူနိုင်ပါသည်။

၅။ ရုံးဖွင့်ရက်တစ်ရက်လျှင် နံနက်ပိုင်း(၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီအထိနှင့် နေ့လည်ပိုင်း (၁၃း၀၀) နာရီမှ (၁၅း၃၀)နာရီအထိ (၂)ကြိမ်ခွဲ၍ ရုံးများအလိုက် အောက်ပါစီးရေများအတိုင်း ဆောင်ရွက်ပေးပါမည်။ သို့သော် Online Booking ရယူရန် အခက်အခဲရှိသူများ နှစ်လဲသက်တမ်းတိုးဆောင်ရွက်ရာတွင် အဆင်ပြေစေရေးအတွက် လတစ်လ၏ နောက်ဆုံးရုံးဖွင့်ရက်(၂)ရက်ကို Online Booking ရက်ချိန်းမပေးပါ-

| စဉ် | ရုံးအမည် | နံနက်ပိုင်း (စီးရေ) | နေ့လည်ပိုင်း (စီးရေ) | စုစုပေါင်း (စီးရေ) | မှတ်ချက် |
|---|---|---|---|---|---|
| (က) | ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) | ၇၅ | ၇၅ | ၁၅၀ | ပိုင်ရှင်ကိုယ်တိုင် |
| | | ၁၅၀ | ၁၂၀ | ၂၇၀ | ကိုယ်စားလှယ် |
| (ခ) | ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း) | ၁၁၀ | ၆၅ | ၁၇၅ | ပိုင်ရှင်ကိုယ်တိုင် |
| | | ၂၇၅ | ၂၀၀ | ၄၇၅ | ကိုယ်စားလှယ် |
| (ဂ) | ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) | ၇၅ | ၅၀ | ၁၂၅ | ပိုင်ရှင်ကိုယ်တိုင် |
| | | ၁၂၅ | ၁၀၀ | ၂၂၅ | ကိုယ်စားလှယ် |
| (ဃ) | ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) | ၁၂၀ | ၁၀၀ | ၂၂၀ | ပိုင်ရှင်ကိုယ်တိုင်/ ကိုယ်စားလှယ် |
| (င) | တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး) | ၁၂၀ | ၈၀ | ၂၀၀ | ကုန်တင်ယာဉ် |
| | | ၃၀ | ၃၀ | ၆၀ | ခရီးသည်တင် |

၆။ ရက်ချိန်းရယူပြီး သက်တမ်းတိုးမည့်ရက်တွင် ပိုင်ရှင်ကိုယ်တိုင်လာရောက်သူများသည် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်တွင် အမည်ပေါက်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်(မူရင်း၊မိတ္တူ)ဖြင့်လည်းကောင်း၊ အမည်ပေါက်သူကိုယ်တိုင်မလာရောက်နိုင်ပါက အိမ်ထောင်စုစာရင်းတွင်ပါဝင်သည့် မိသားစုဝင်တစ်ဦးဦးမှ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း၊ မိတ္တူ)၊ အမည်ပေါက်သူ၏ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း၊ မိတ္တူ)နှင့် အိမ်ထောင်စုစာရင်းမူရင်းတို့ကို တင်ပြရမည်။

၇။ ကိုယ်စားလှယ်ဖြင့်ဆောင်ရွက်ပါက လာရောက်သူ၏ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း၊ မိတ္တူ) တို့ကို တင်ပြရမည်။

၈။ နှစ်လဲမှတ်ပုံတင်ယာဥ်စစ်ဆေးရက်ချိန်းရယူရန် အနည်းဆုံး(၃)ရက်မှ အများဆုံး(၃၀)ရက် အထိ ကြိုတင်ရယူနိုင်ပြီး အောက်ပါအတိုင်းဆောင်ရွက်ရပါမည်-

(က) Google Chrome Browser မှတဆင့် www.rtad.gov.mm website ကိုဝင်ပါ။ အောက်ပါအတိုင်းပေါ်လာမည်-





(ခ) ရက်ချိန်းရယူရန် ၏ **မော်တော်ယာဥ်** ကို Click နှိပ်ပါ။ အောက်ပါအတိုင်းပေါ်လာမည်-




(ဂ) Online Appointment Application Form တွင်အောက်ပါအချက်များဖြည့်စွက်ပါ-

(၁) မိမိယာဥ်မှတ်ပုံတင်ထားသည့်ရုံးကို ရွေးချယ်ပါရန်၊




(၂) လျှောက်ထားမှုကိုရွေးချယ်ရန် -

(ကက) ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း၊ ရန်ကုန်မြောက်ပိုင်း၊ ရန်ကုန်အရှေ့ပိုင်း) တို့တွင် ပိုင်ရှင်ကိုယ်တိုင်နှင့် ကိုယ်စားလှယ်ဖြင့် ဆောင်ရွက်သည့်နေရာ ခွဲခြားထားပါသည်-


- ပိုင်ရှင်ကိုယ်တိုင်ဆောင်ရွက်ခြင်း
- ကိုယ်စားလှယ်ဖြင့်ဆောင်ရွက်ခြင်း

(ရွေးချယ်ရန်)




(ခခ) ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)တွင် ပိုင်ရှင်ကိုယ်တိုင်နှင့် ကိုယ်စားလှယ်ဖြင့် ဆောင်ရွက်ခြင်းခွဲခြားထားခြင်းမရှိသဖြင့် -


- ပိုင်ရှင်ကိုယ်တိုင်/ကိုယ်စားလှယ် ကိုသာရွေးချယ်ရန်





(ဂဂ) တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)တွင် ကုန်တင်ယာဉ်နှင့်ခရီးသည် ယာဉ် နှစ်မျိုးခွဲပြီး ယာဉ်စစ်ဆေးသဖြင့် -

- ကုန်တင်ယာဉ် (Pickup, Truck, Van, Light Truck , Other , Heavy Mechine )
- ခရီးသည်တင်ယာဉ် (Bus, Mini Bus, Micro Bus)


(ရွေးချယ်ရန်)




(၃ )  လာရောက်မည့်ရက်ရွေးချယ်ရန် -
မိမိယာဥ်စစ်ဆေးလိုသည့်ရက် ရွေးချယ်ပါရန်၊





(၄ )  ယာဥ်စစ်ဆေးလိုသည့်အချိန်ရွေးချယ်ပါရန်၊





(၅ )  ယာဥ်အမှတ်အားဖြည့်ရန် -
(ယာဥ်အမှတ်ကို ဖေါ်ပြထားသည့် အတိုင်းရိုက်ထည့်ပါ)




(၆ )  **စစ်ဆေးရန်** ကို Clickနှိပ်ပါ။ မိမိထည့်သွင်းထားသည့်အချက်အလက်များ မှန်ကန်လျှင် အောက်ပါအတိုင်းပေါ်လာမည်-




(ဃ) စစ်ဆေးမှုအောင်မြင်ပါက **Ok** ကို Click နှိပ်ပါက အောက်ပါအတိုင်းပေါ်လာမည်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်ကို ဖြည့်ပြီး **I'm not a robot** ကို Click နှိပ်ပါ။





(င) I'm not a robot ကို Click နှိပ်ပြီးပါက Instructions အတိုင်းဆောင်ရွက်ပါ။

**ဥပမာ** -

- Car ရွေးချယ်ခိုင်းပါက Car ပုံများကို ရွေးချယ်Click နှိပ်ပါ။
- Roads ရွေးချယ်ခိုင်းပါက Road (လမ်း ပုံများ) ကို ရွေးချယ်Click နှိပ်ပါ။
- Street Signs ရွေးချယ်ခိုင်းပါက လမ်းညွှန်း ပုံများကို ရွေးချယ်Click နှိပ်ပါ။




(စ) ရွေးချယ်ခိုင်းသည့် ပုံများမရှိလျှင် **VERIFY OR SKIP** ကို Click နှိပ်ပါ။ အောက်ပါအတိုင်း I'm not a robot တွင် အမှန်ခြစ် (√)ဖြစ်သွားမည် -



(ဆ) **လျှောက်ထားရန်** Click နှိပ်ပါ။ အောက်ပါအတိုင်းပေါ်လာမည် -




(ဇ) Download Appointment Letter Here Link ကို Click နှိပ်၍ Download ဆွဲယူပါ။ အောက်ပါအတိုင်းပေါ်လာမည် -


Appointment Letter

(နံနက်ပိုင်း( ၉:၀၀ မှ ၁၂:၀၀ ထိ နာရီ အထိ))


အမှတ်စဉ် : 5a2f68ceefde2
ရက်စွဲ : 12-12-2017

| | | |
|---|---|---|
| ၁။ ယာဉ်အမှတ် | - | 1A/3068 |
| ၂။ လုပ်ငန်းဆောင်ရွက်မည့်ရုံး | - | (Y)-ခရိုင်ရုံး(ရန်ကုန်အနောက်)မြင်သာ၊ရန်ကုန် |
| ၃။ လျှောက်ထားမှု | - | Representative ( ကိုယ်စားလှယ်ဖြင့်လာရောက်ဆောင်ရွက်မှု ) |
| ၄။ လာရောက်ဆောင်ရွက်မည့်နေ့ | - | 19-12-2017 |
| ၅။ လာရောက်ဆောင်ရွက်ရမည့်အချိန် | - | နံနက်ပိုင်း( ၉:၀၀ မှ ၁၂:၀၀ ထိ နာရီ အထိ) |
| ၆။ ယာဉ်အမျိုးအမည် | - | NISSAN UBGD 21 |
| ၇။ ယာဉ်အမျိုးအစား | - | P |
| ၈။ ယာဉ်သက်တမ်းကုန်ဆုံးရက် | - | 12/31/2017 |
| ၉။ ဆက်သွယ်ရန်ဖုန်းနံပါတ် | - | 09450540741 |

မှတ်ချက်။ (၁) သတ်မှတ်ချိန်ထက် နောက်ကျပါက ရက်ချိန်းစာရင်းမှအလိုအလျောက်ပျက်ပြယ်မည်။
(၂) အခြားယာဉ် အစားထိုးစစ်ဆေးခွင့်မရှိပါ။
(၃) အဆိုပါ Appointment Letter အား Printout ထုတ်၍ယူဆောင်လာရမည်။
(သို့မဟုတ်) download ရရှိသည့်.pdf ဖိုင်ပါ Appointment Letter အား
Hand Phone (သို့မဟုတ်) Tablet တစ်ခုခုဖြင့် တင်ပြနိုင်ရမည်။

၉။ အထက်ပါ Download ရရှိသည့် .pdf ဖိုင်ကို Printout ထုတ်၍လည်းကောင်း၊ Hand Phone (or) Tablet ဖြင့် (Save)သိမ်းထား၍လည်းကောင်း မိမိယာဉ် စစ်ဆေးခံရမည့်ရက်တွင် တင်ပြရမည်။

၁၀။ Appointment Letter ပျောက်ဆုံးလျှင်သော်လည်းကောင်း၊ Appointment Letter Download မလုပ်မိလျှင်သော်လည်းကောင်း **ရက်ချိန်းစာပြန်လည်တောင်းဆိုရန်**ကို Click နှိပ်၍ အောက်ပါအတိုင်း ရက်ချိန်းစာ ပြန်လည် Download ရယူနိုင်ပါသည် -




(က) **ရက်ချိန်းစာပြန်လည်တောင်းဆိုရန်**ကို Click နှိပ်ပါက အောက်ပါအတိုင်းပေါ်လာမည် -




(ခ) မိမိ **ယာဉ်အမှတ်**ကို ရိုက်ထည့်ပါ၊ **ရက်ချိန်းရယူထားသည့်ရက်**ကို ရွေးချယ်ပါ၊ **I'm not a robot** ကို Click နှိပ်ပြီး၊ Instructions အတိုင်းဆောင်ရွက်ပါ၊ I'm not a robot တွင် အမှန်ခြစ် (√)ဖြစ်သွားပါက တောင်းဆိုရန် Click နှိပ်ပါ။ Download Appointment Letter ကျလာမည်၊ Download Appointment Letter Here Link ကို Click နှိပ်၍ Download ပြန်လည်ဆွဲယူပါ။


၁၁။ ရက်ချိန်းရယူထားသည့်ရက်တွင် မဆောင်ရွက်နိုင်လျှင် ရက်ချိန်းရယူထားသည့်ရက်မတိုင်မီတစ်ရက်ကြိုတင်၍ ပယ်ဖျက်ရန် အောက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်ပါသည် -




(က) **ရက်ချိန်းပယ်ဖျက်ရန်**ကို Click နှိပ်ပါက အောက်ပါအတိုင်းပေါ်လာမည် -



(ခ) မိမိယာဉ်အမှတ်ကို ရိုက်ထည့်ပါ၊ ရက်ချိန်းရယူထားသည့် ရက်ကို ရွေးချယ်ပါ၊ I'm not a robot ကို Click နှိပ်ပြီး၊ Instructions အတိုင်းဆောင်ရွက်ပါ၊ I'm not a robot တွင် အမှန်ခြစ် (√)ဖြစ်သွားပါက **ပယ်ဖျက်ရန်** ကို Click နှိပ်ပါ။ ရက်ချိန်းပယ်ဖျက်၍ အောင်မြင်ပါသည်ဟု ပေါ်လာမည်-



Online Appointment Application Form (For Renewal Vehicle Registration)

(မော်တော်ယာဉ်သက်တမ်းတိုးယာဉ်စစ် ရက်ချိန်းစာပယ်ဖျက်ရန် လျှောက်လွှာပုံစံ)

ရက်ချိန်းပယ်ဖျက်၍ အောင်မြင်ပါသည်။

ယာဉ်အမှတ် * 1A/3068

ရက်ချိန်းရရှိထားသည့်နေ့ * 19-12-2017

I'm not a robot reCAPTCHA Privacy - Terms

ပယ်ဖျက်ရန်

၁၂။ မရှင်းလင်းပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

- ရုံးချုပ်(နေပြည်တော်) - ၀၆၇ - ၃၄၀၅၃၅၉၊ ၀၆၇ - ၃၄၀၅၀၉၉
- တိုင်းဒေသကြီးရုံး(ရန်ကုန်) - ၀၁ - ၅၇၀၉၆၇
- တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) - ၀၁ - ၂၅၈၅၀၈၂
- ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) - ၀၁ - ၅၉၀၁၀၇
- ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း) - ၀၁ - ၅၇၃၁၀၉
- ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) - ၀၁ - ၃၆၄၄၄၁၀
- ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) - ၀၅၆ - ၂၁၀၈၀

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**